**၁၉၆၄ ခုနှစ်၊အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေကိုပြင်သည့်ဥပဒေ။**

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို ၊ ၁၉၆၄ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေကိုပြင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၂ တွင်၊ "ပိုင်ဆိုင်သည့် ၊ သို့တည်းမဟုတ် အသုံးပြုရန်လွှဲပြောင်းပေးအပ်ထားသည့်ငွေ၊ သိုလှောင်ပစ္စည်း၊ အသုံးအဆောင် ၊သို့တည်းမဟုတ် အခြားပစ္စည်းတစ်ရပ်ရပ်ကို ဆိုလိုသည်။" ဆိုသည့်စကားရပ်အစား၊ "ပိုင်ဆိုင်သည့် ၊ သို့တည်းမဟုတ် အသုံးပြု ရန် လွှဲပြောင်းပေးအပ်ထားသည့် ၊ သို့တည်းမဟုတ် သိမ်းဆည်းထားသည့်ငွေ ၊ သိုလှောင်ပစ္စည်း၊ အသုံးအဆောင် ၊သို့တည်းမဟုတ် အခြားပစ္စည်း တစ်ရပ်ရပ်ကို ဆိုလိုသည်။" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။